**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၊ ( ၂၂၉/၂၀၁၈)**

**၁၃၈၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်**

**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)**

**မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာကျွမ်းကျင်မှုလက်မှတ်နှင့် လျှပ်စစ်ကျွမ်းကျင်မှု လက်မှတ်များသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများတွင် မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာနှင့် လျှပ်စစ် ကျွမ်းကျင်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံး လိုအပ်ချက်များကို သတ်မှတ်လိုက်သည်။

၃။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀၀ ကီလိုဝပ်နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူး အဆင့်(၁) ကျွမ်းကျင်မှုလက်မှတ်** (Myanmar Coastal Chief Engineer Class I) ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(က) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၂) ကျွမ်းကျင်မှုလက်မှတ် (MEO Class II) ကိုင်ဆောင်၍ ရေကြောင်းအင်ဂျင်နီယာ အရာရှိအဆင့် (၁) ကျွမ်းကျင်မှု လက်မှတ်သင်တန်း (MEO Class I Refresher Course) တက်ရောက်ပြီး မြန်မာ့ ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၁) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်၊ (သို့မဟုတ်)

ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် (MEO Class II) ကိုင်ဆောင်ပြီးနောက် အပြည်ပြည်ဆိုင်ရာသွားသင်္ဘောတွင် ဒုတိယ အင်ဂျင်နီယာ လုပ်သက်(၁)နှစ်ရှိပြီး မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့်(၁) နှုတ်ဖြေ စာမေးပွဲ အောင်မြင်ရမည်၊(သို့မဟုတ်)

ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၄) ကျွမ်းကျင်မှုလက်မှတ် (MEO Class IV) ဖြင့် ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် သင်္ဘောတွင် အင်ဂျင်နီယာမှူးလုပ်သက်(၁)နှစ် ရှိရမည်၊(သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅၀၀ ကီလိုဝပ်နှင့်အထက် သင်္ဘောတွင်

အင်ဂျင်နီယာမှူးလုပ်သက် (၁)နှစ်ရှိပြီး မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူး အဆင့်(၁) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်၊(သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာ အဆင့်(၁) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၀၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် ဒုတိယအင်ဂျင်နီယာလုပ်သက် (၁)နှစ်ရှိပြီး မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာမှူး အဆင့်(၁) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

(ခ ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည်-

(၁) Safety Familiarization and BasicTraining (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

၄။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူး အဆင့်(၂) ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Chief Engineer Class II)** ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည် -

(က) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၃) ကျွမ်းကျင်မှုလက်မှတ် (MEO Class III) ကိုင်ဆောင်၍ အင်ဂျင်နီယာအရာရှိလုပ်သက် (၁)နှစ် ရှိရမည်၊ (သို့မဟုတ်)

ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၅) ကျွမ်းကျင်မှုလက်မှတ် (MEO Class V) ကိုင်ဆောင်ထားရမည်၊ (သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာ အဆင့်(၂) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် ဒုတိယအင်ဂျင်နီယာလုပ်သက် (၁)နှစ် ရှိရမည်၊ (သို့မဟုတ်)

တပ်မတော် (ရေ) အင်ဂျင်နီယာအရာရှိအဆင့်ဖြင့် လုပ်သက် (၃)နှစ် ရှိသည့် နှုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီးသူဖြစ်ရမည်၊ (သို့မဟုတ်)

ပြည်တွင်းရေကြောင်းသွားအင်ဂျင်နီယာ အရာရှိအဆင့် (၁) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်နှင့်အထက် ရေယာဉ်တွင် အင်ဂျင်နီယာမှူးလုပ်သက် (၁)နှစ် ရှိရမည်၊(သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၃) ကျွမ်းကျင်မှု လက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွား သင်္ဘောတွင်အင်ဂျင်နီယာမှူးလုပ်သက် (၁)နှစ် ရှိရမည်။

(ခ) မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၂) နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

(ဂ) အောက်ဖော်ပြပါ လက်မှတ်များ ကိုင်ဆောင်ထားရမည်-

(၁) Safety Familiarization and BasicTraining (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

**၅။ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၃) ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Chief Engineer Class III)** ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည်-

(က) ယခင်စနစ်ဟောင်း JE Fit အောင်မြင်၍ အပြည်ပြည်ဆိုင်ရာသွား သင်္ဘောများတွင် ဆီလောင်းလုပ်သက် (၃)နှစ် ရှိရမည်၊ (သို့မဟုတ်)

တပ်မတော်(ရေ) စက်မှုလက်မှု သင်တန်းဌာန၏ ရေယာဉ်စက်ပြင်သင်တန်း တက်ရောက်ပြီး စက်ခန်းဘက်ဆိုင်ရာ ပင်လယ်ပြင်လုပ်သက် (၂) နှစ်ရှိသည့် နှုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီးသူ ဖြစ်ရမည်၊ (သို့မဟုတ်)

ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်နှင့်အထက် ရေယာဉ်တွင် အင်ဂျင်နီယာမှူးလုပ်သက် (၁)နှစ်ရှိရမည်၊(သို့မဟုတ်)

Inland Powered-Vessel Engineer လက်မှတ်ကိုင်ဆောင်၍ အင်ဂျင်နီယာမှူး လုပ်သက်(၁)နှစ်ရှိရမည်၊ (သို့မဟုတ်)

နည်းပညာကောလိပ်မှ စက်မှု (Mechanical) သို့မဟုတ် မက္ကာထရောနစ် (Mechatronics) ဘာသာရပ်ဖြင့် ဒီပလိုမာရရှိပြီး၊ ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွား သင်္ဘောတွင် စက်ခန်းသင်္ဘောသား လုပ်သက် (၁၈)လ ရှိရမည်၊ (သို့မဟုတ်)

စက်မှု (Mechanical) သို့မဟုတ် ရေကြောင်းအင်ဂျင်နီယာ (Marine Engineering) သို့မဟုတ် မက္ကာထရောနစ် (Mechatronics) ဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရ ရှိပြီးသူ ဖြစ်ရမည်၊ (သို့မဟုတ်)

ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃) (MEO Class III) Workshop Skill သင်တန်း တက်ရောက်အောင်မြင်ပြီး ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်

နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် စက်ခန်းသင်္ဘောသား လုပ်သက် (၂)နှစ် ရှိရမည်၊(သို့မဟုတ်)

အစိုးရနည်းပညာအထက်တန်းကျောင်းမှ မော်တော်ယာဉ် နည်းပညာ (Auto Mechanics Technology) ဘာသာရပ်ဖြင့် အောင်မြင်ပြီး ပင်မစက်မောင်းနှင်မှု စွမ်းအား ၅၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်းသွား သင်္ဘောတွင် စက်ခန်း သင်္ဘောသား လုပ်သက်(၂)နှစ်ရှိရမည်၊ (သို့မဟုတ်)

အခြေခံပညာအထက်တန်းအောင်မြင်ပြီး ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ် နှင့်အထက် ကမ်းရိုးတန်းသွားသင်္ဘောတွင် စက်ခန်းသင်္ဘောသားလုပ်သက် (၃)နှစ် ရှိရမည်။

(ခ) မြန်မာ့ကမ်းရိုးတန်းသွား အင်ဂျင်နီယာမှူးအဆင့် (၃) သင်တန်း တက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ အောင်မြင်ရမည်။

(ဂ) အောက်ဖော်ပြပါလက်မှတ်များ ကိုင်ဆောင်ထားရမည် -

(၁) Safety Familiarization and BasicTraining (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

**၆။ ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀၀ ကီလိုဝပ်နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် ဒုတိယအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၁) ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Second Engineer Class I)** ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃) ကျွမ်းကျင်မှုလက်မှတ် (MEO Class III) ဖြင့် အပြည်ပြည်ဆိုင်ရာသွားသင်္ဘောတွင် အင်ဂျင်နီယာအရာရှိအဖြစ် ပင်လယ်ပြင် လုပ်သက် (၁)နှစ် ရှိရမည်၊(သို့မဟုတ်)

မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၂) ကျွမ်းကျင်မှု လက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၀၀၀ ကီလိုဝပ်နှင့်အထက် ကမ်းရိုးတန်း သွားသင်္ဘောတွင် ဒုတိယအင်ဂျင်နီယာလုပ်သက် (၁)နှစ်ရှိပြီး မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၁) နှုတ်ဖြေစာမေးပွဲအောင်မြင်ရမည်။

(ခ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည်-

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

**၇။ ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် ဒုတိယအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၂)ကျွမ်းကျင်မှုလက်မှတ် (Myanmar Coastal Second Engineer Class II)** ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည်-

(က) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃) ကျွမ်းကျင်မှုလက်မှတ် (MEO Class III) ကိုင်ဆောင်ထားရမည်၊(သို့မဟုတ်)

ပြည်တွင်းရေကြောင်းသွား အင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀ ကီလိုဝပ်နှင့်အထက် ရေယာဉ်တွင် အင်ဂျင်နီယာမှူးလုပ်သက် (၁)နှစ်ရှိရမည်။

(ခ) မြန်မာ့ကမ်းရိုးတန်းသွား ဒုတိယအင်ဂျင်နီယာအဆင့် (၂)နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

(ဂ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည် -

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

**၈။ မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောများတွင် လျှပ်စစ်ကျွမ်းကျင်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်** ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည်-

(က) ပြည်တွင်းရေကြောင်းသွား လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၃၀၀ ကီလိုဝပ်နှင့်အထက် ရေယာဉ်တွင် လျှပ်စစ်ကျွမ်းကျင် အဆင့်ဖြင့် လုပ်သက် (၁)နှစ်ရှိရမည်၊ (သို့မဟုတ်)

တပ်မတော်(ရေ) လျှပ်စစ်ပညာသည် လုပ်သက် (၃)နှစ်ရှိပြီး နှုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်ပါက မြန်မာ့ကမ်းရိုးတန်းသွား လျှပ်စစ်ကျွမ်းကျင်အဆင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်၊(သို့မဟုတ်)

အစိုးရစက်မှုသင်တန်းကျောင်းမှ လျှပ်စစ် (Electrical) သို့မဟုတ် အီလက်ထရွန်းနစ် (Electronic) ပညာသည် သင်တန်းအောင်မြင်ပြီး ပင်လယ်ပြင်လုပ်သက် (၁)နှစ်ရှိရမည်။

(ခ) အောက်ဖော်ပြပါ လက်မှတ်များကိုင်ဆောင်ထားရမည်-

(၁) Safety Familiarization and Basic Training (STCW)

(၂) Medical Fitness

(၃) Advanced Fire Fighting

၉။ အောက်ဖော်ပြပါ ကျွမ်းကျင်မှုလက်မှတ်များအား ကိုင်ဆောင်ထားသူများသည် ယှဉ်တွဲဖော်ပြပါ အဆင့်သို့ တိုက်ရိုက် ထမ်းဆောင်ခွင့်ရှိသည် -

| | ကျွမ်းကျင်မှုလက်မှတ် | ထမ်းဆောင်ခွင့်ရှိသည့်အဆင့် |
|---|---|---|
| (က) | ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့်(၁) | ၃၀၀၀ ကီလိုဝပ်နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောအင်ဂျင်နီယာမှူး |
| (ခ) | ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့်(၄) | ၃၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောအင်ဂျင်နီယာမှူး |
| (ဂ) | ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့်(၃) | ၂၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောအင်ဂျင်နီယာမှူး |
| (ဃ) | ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့်(၅) | ၃၀၀၀ ကီလိုဝပ်နှင့်အထက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောဒုတိယအင်ဂျင်နီယာ |
| (င) | မြန်မာ့ကမ်းရိုးတန်းသွားအင်ဂျင်နီယာမှူးအဆင့်(၃) | ၃၀၀၀ ကီလိုဝပ်အောက် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောဒုတိယအင်ဂျင်နီယာ |
| (စ) | လျှပ်စစ်နည်းပညာသင်္ဘောသား (ETR) | မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘော လျှပ်စစ်ကျွမ်းကျင်သူ |

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ပဆ-(၃)/(Noti -DMA)၂၀၁၈( ၈၅ )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

**ဖြန့်ဝေခြင်း**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ရေးလုပ်ငန်း } မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း(၁)တွင်ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်ကြော်ငြာစာတွဲ

ရုံးလက်ခံ

မျှောစာတွဲ

အမိန့်အရ

(signature)

ဝင်းခန့်

အမြဲတမ်းအတွင်းဝန်